# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# တိုင်းရင်းဆေးဝါးဥပဒေ
## [နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၇/၉၆]
## ရန်ကုန်မြို့၊ ၁၃၅၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်
## (၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

**၁။** ဤဥပဒေကို **တိုင်းရင်းဆေးဝါးဥပဒေ**ဟု ခေါ်တွင်စေရမည်။

**၂။** ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းရင်းဆေးဝါး** ဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှုတစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေး ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိုင်းရင်းဆေးဝါးဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်၊

(ခ) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တ ဗေဒနယ၊ ဝိဇ္ဇာဓရနယ တည်းဟူသော နယကြီး ၄ ပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်သော အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုသည်၊

(ဂ) **အာဏာပိုင်အဖွဲ့** ဆိုသည်မှာ အမျိုးသားဆေးဝါးဥပဒေအရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ အစား အသောက်နှင့် ဆေးဝါး အာဏာပိုင်အဖွဲ့တွင် ဤဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ဖြင့် ဖြည့်စွက်ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်၊

(ဃ) **အဓိကတိုင်းရင်းဆေးဝါး** ဆိုသည်မှာ အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် ပြည်သူအများစု၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် မရှိမဖြစ် လိုအပ်သော တိုင်းရင်းဆေးဝါးကို ဆိုသည်၊

(င) **စံမညီ တိုင်းရင်းဆေးဝါး** ဆိုသည်မှာ တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖိုး၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးကို ဆိုသည်၊

(စ) **ပျက်စီးတိုင်းရင်းဆေးဝါး** ဆိုသည်မှာ တိုင်းရင်းဆေးဝါးသက်တမ်းကုန်ဆုံးရက်သို့ ရောက်ရှိသော သို့မဟုတ် ကျော်လွန်နေပြီဖြစ်သော တိုင်းရင်းဆေးဝါး သို့မဟုတ် တစ်နည်းနည်းဖြင့် ဓာတ်သဘာဝ ဖြစ်စေ၊ အာနိသင်ဖြစ်စေ ပြောင်းလဲသွားသော တိုင်းရင်း ဆေးဝါးကို ဆိုသည်၊

(ဆ) **တိုင်းရင်းဆေးဝါး သက်တမ်းကုန်ဆုံးရက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါး တစ်ခုခုနှင့် စပ်လျဉ်း၍ အာမခံထားသော ဆေးဝါးအာနိသင်၊ ဆေးဝါး၏ အစွမ်းထက်မြက်မှု၊ ဘေးဥပဒ် ကင်းရှင်းမှုနှင့်

အရည်အသွေးများ မရှိတော့ကြောင်းသိရှိစေရန် အာဏာပိုင်အဖွဲ့၏ အတည်ပြု ချက်အရ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူက အမှတ်တံဆိပ်ပေါ်တွင် ဖော်ပြထားသောရက်စွဲကို ဆိုသည်၊

(ဇ) **အမှတ်တံဆိပ်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထည့်သော သို့မဟုတ် ထုပ်ပိုးသောပစ္စည်းတစ်ခုခု ပေါ်တွင် တစ်နည်းနည်းဖြင့် မြင်သာအောင် ဖော်ပြထားသည့် အမှတ်အသားကို ဆိုသည်၊

(ဈ) **တိုင်းရင်းဆေးဝါးကုန်ကြမ်း** ဆိုသည်မှာ တိုင်းရင်းဆေးဝါးများ ဖော်စပ်ထုတ်လုပ်ရာတွင် အဓိက ထည့်သွင်းအသုံးပြုရသော အာဏာပိုင်အဖွဲ့က သတ်မှတ်သည့် ပစ္စည်းကို ဆိုသည်၊

(ည) **တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ ထုတ်လုပ်မည့် တိုင်းရင်းဆေးဝါးကို အာဏာပိုင် အဖွဲ့တွင် မှတ်ပုံတင်ခြင်းကို ဆိုသည်၊

(ဋ) **လိုင်စင်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းအတွက် ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်၊

(ဌ) **တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် ဆောင်ရွက် ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းများ အားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးပေးခန်းနှင့် ပရဆေးဆိုင်များတွင် ဝေဒနာရှင်များ အတွက်ဖြစ်စေ၊ တိုင်းရင်းဆေးဆရာက မိမိဆေးကုသရာတွင် အသုံးပြုရန်ဖြစ်စေ၊ မည်သူမဆို ကိုယ်တိုင် သုံးစွဲရန် ဖြစ်စေ ဆေးနည်း ဆေးညွှန်းများအရ ဆောင်ရွက်သော တိုင်းရင်းဆေးဝါး၊ ဆေးမြီးတို ဖော်စပ်ခြင်းလုပ်ငန်းများ မပါဝင်၊

(ဍ) **ဆေးမြီးတို** ဆိုသည်မှာ အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်သော တိုင်းရင်းဆေးဝါးကို ဆိုသည်၊

(ဎ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူက မိမိ၏ တိုင်းရင်း ဆေးဝါးတွင် ဖော်ပြသော ရောဂါတစ်မျိုးအတွက်ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက် ဖြစ်စေ အကျိုး သက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ် ကင်းကြောင်း အာမခံခြင်းကို ဆိုသည်၊

(ဏ) **ကြော်ငြာခြင်း** ဆိုသည်မှာ တိုင်းရင်းဆေးဝါးများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အတွက် တစ်နည်းနည်းဖြင့် အများသိရှိအောင် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(တ) **မူလဓာတ်ခွဲခန်း** ဆိုသည်မှာ တိုင်းရင်းဆေးဝါးနမူနာများကို ဓာတ်ခွဲစစ်ဆေးရန် အာဏာပိုင်အဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်၊

(ထ) **အယူခံဓာတ်ခွဲခန်း** ဆိုသည်မှာ မူလဓာတ်ခွဲခန်းများမှ တိုင်းရင်းဆေးဝါးများ ဓာတ်ခွဲစစ်ဆေးမှု မှတ်ချက်နှင့် စပ်လျဉ်း၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာသည့် အခါ၌ဖြစ်စေ၊ တစ်ဖက်ဘက်မှ ကျေနပ်မှုမရှိသဖြင့် အယူခံဝင်သည့်အခါ၌ဖြစ်စေ တိုင်းရင်းဆေးဝါးနမူနာကို ထပ်မံစစ်ဆေးပြီး ယင်း ဆေးဝါးများ ဓာတ်ခွဲစစ်ဆေးမှုနှင့် စပ်လျဉ်း၍ အပြီးသတ် အဆုံးအဖြတ်ပြုနိုင်ရန် အာဏာပိုင် အဖွဲ့က သီးခြားသတ်မှတ်ပေးသော ဓာတ်ခွဲခန်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

**၃။** ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးဝါးကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးဝါးကို စနစ်တကျ မှတ်ပုံတင်ထားရှိရန်၊

(ဃ) တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

## အခန်း (၃)
## အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

**၄။** အစိုးရသည် ဤဥပဒေပါ တိုင်းရင်းဆေးဝါးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်အလို့ငှာ သင့်လျော် သော တိုင်းရင်းဆေးဝါးဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များကို အမျိုးသားဆေးဝါး ဥပဒေ အရ ဖွဲ့စည်းသော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တွင် ဖြည့်စွက်ဖွဲ့စည်းရမည်။

**၅။** အစိုးရဝန်ထမ်းမဟုတ်သော အာဏာပိုင်အဖွဲ့ဝင်သည် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

**၆။** ပုဒ်မ ၄ အရ ဖွဲ့စည်းသော အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က)တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ)မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ သမားစဉ်ဆက် ဖော်စပ် အသုံးပြုခြင်းများ၊ ဆေးကျမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ အရည်အသွေးနှင့် အကျိုး သက်ရောက်မှု ရှိ မရှိ၊ ဘေးဥပဒ်ကင်းရှင်းမှု ရှိ မရှိတို့ကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ် စေခြင်း၊ စစ်ဆေးစေခြင်း၊

(ဂ)မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ရန်အတွက် လိုင်စင်လျှောက်ထားခွင့် ရှိသူ၏ အရည်အချင်းများ သတ်မှတ်ခြင်း၊ လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဃ)မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို အမှတ်တံဆိပ်ပြုလုပ်ခြင်း၊ အမှတ်တံဆိပ်ပြင်ဆင် ပြောင်းလဲခြင်း၊ ကြော်ငြာခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င)မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါး အရည်အသွေးအာမခံခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက် များ သတ်မှတ်ခြင်း၊

(စ) အဓိက တိုင်းရင်းဆေးဝါးများကို ရွေးချယ်သတ်မှတ်ခြင်း၊

(ဆ) တိုင်းရင်းဆေးဝါးကုန်ကြမ်းအဖြစ် သတ်မှတ်သော ပစ္စည်းများကို ကြေညာခြင်း၊

(ဇ)အများပြည်သူတို့ သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါး သို့မဟုတ် တိုင်းရင်းဆေးဝါး ကုန်ကြမ်းကို စိစစ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဈ)မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တိုင်းရင်းဆေးဝါးကုန်ကြမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည)တိုင်းရင်းဆေးဝါးကုန်ကြမ်းများ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နည်းပညာများ ဖြန့်ဖြူးစေခြင်း၊

(ဋ)တိုင်းရင်းဆေးဝါးအဆင့်အတန်းမြင့်မားရေးနှင့် ခေတ်မီရေးအတွက် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဌ)တိုင်းရင်းဆေးဝါး သို့မဟုတ် တိုင်းရင်းဆေးဝါး ကုန်ကြမ်းထုတ်လုပ်သော သို့မဟုတ် ပြည်ပမှ တင်သွင်းသော အစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံဉာဏ်ပေးခြင်း၊

(ဍ)တိုင်းရင်းဆေးဝါးကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်စေခြင်း၊

(ဎ) ကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဏ)တိုင်းရင်းဆေးဝါးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များတွင် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ ၏ လုပ်ငန်း တာဝန်များ သတ်မှတ်ခြင်း၊

(တ)မူလခေတ်ခွဲခန်းနှင့် အယူခံခေတ်ခွဲခန်းများ သတ်မှတ်ခြင်း။

**၇။** အာဏာပိုင်အဖွဲ့သည် ဝိဝါဒကွဲပြားမှု သို့မဟုတ် အငြင်းပွားမှု ပေါ်ပေါက်သော ပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးဝါးအဖြစ် လည်းကောင်း၊ တိုင်းရင်းဆေးဝါး ကုန်ကြမ်းအဖြစ် လည်းကောင်း သတ်မှတ်နိုင်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ပေးရမည်။

**၈။** အာဏာပိုင်အဖွဲ့သည် တိုင်းရင်းဆေးဝါး ကုန်ကြမ်းများ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းများကို ကြီးကြပ်နိုင်ရန် သက် ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

**၉။** အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး ဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၄)
## တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်း

**၁၀။** တိုင်းရင်းဆေးဝါးကို မှတ်ပုံတင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့တွင် မှတ်ပုံ တင်ရမည်။

**၁၁။** အာဏာပိုင်အဖွဲ့သည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော တိုင်းရင်းဆေးဝါးကို လိုအပ်သလို စိစစ်စေခြင်း၊ စမ်းသပ်စေခြင်း၊ စစ်ဆေးစေခြင်း ပြုလုပ်ပြီး ယင်းတိုင်းရင်းဆေးဝါးကို မှတ်ပုံတင်ခွင့် ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**၁၂။** တိုင်းရင်းဆေးဝါး မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခတို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

**၁၃။** တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခွင့် ရရှိသူသည်-

(က)ကျသင့်သော မှတ်ပုံတင်ခကို ပေးဆောင်ရမည်၊

(ခ)မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ)မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်အခါ သတ်မှတ်ထားသော မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခ ပေးဆောင်၍ သက်တမ်းတိုးမြှင့်နိုင်သည်။

**၁၄။** တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခွင့်ရရှိသူက မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက် ကြောင်း စစ်ဆေးတွေ့ရှိရပါက အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင် သည်။

**၁၅။** ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင် ရုပ်သိမ်းခြင်း ခံရသူသည် ကန့်သတ်သည့်ကာလကုန်ဆုံး သောအခါ မှတ်ပုံတင်အသစ် ထုတ်ပေးရန် အာဏာပိုင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။

**၁၆။** တိုင်းရင်းဆေးဝါး မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိ မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ အာဏာပိုင်အဖွဲ့က ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင် ရွက်ရမည်။

## အခန်း (၅)
## လိုင်စင်လျှောက်ထားခြင်း

**၁၇။** မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကို ထုတ်လုပ်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လိုင်စင်လျှောက်ထားရမည်။

**၁၈။** အာဏာပိုင်အဖွဲ့သည် လိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်စေခြင်း၊ လိုအပ်ပါက စစ်ဆေးစေခြင်းများပြုလုပ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

**၁၉။** လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခ တို့သည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

**၂၀။** လိုင်စင်ရရှိသူသည်-

(က)ကျသင့်သောလိုင်စင်ခကို ပေးဆောင်ရမည်၊

(ခ)လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် အာဏာပိုင်အဖွဲ့က ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ)လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ လိုင်စင်သက်တမ်း တိုးမြှင့်ခပေးဆောင်၍ သက်တမ်းတိုးမြှင့် နိုင်သည်။

**၂၁။** လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ အာဏာပိုင်အဖွဲ့က ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ ရှိရပါက အာဏာပိုင် အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လိုင်စင်ကို ကာလအကန့် အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**၂၂။** ကာလအကန့်အသတ်ဖြင့် လိုင်စင်ရုပ်သိမ်းခြင်း ခံရသူသည် ကန့်သတ်သည့်ကာလ ကုန်ဆုံး သောအခါ လိုင်စင်အသစ်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အာဏာပိုင်အဖွဲ့သို့ လျှောက်ထားနိုင်သည်။

**၂၃။** လိုင်စင်ပယ်ဖျက်ခြင်း ခံရသူသည်-

(က) ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးဝါးအတွက် လိုင်စင်ထပ်မံလျှောက်ထားခြင်းမရှိစေရ၊

(ခ)မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသည်ဟု အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော တိုင်းရင်း ဆေးဝါးကို လိုင်စင်ရရှိထားသော အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုနိုင်သည်၊

(ဂ)မိမိလက်ဝယ်ရှိ အရည်အသွေးမပြည့်မီသော တိုင်းရင်းဆေးဝါးနှင့်စပ်လျဉ်း၍ အာဏာပိုင် အဖွဲ့က ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**၂၄။** တိုင်းရင်းဆေးပညာဦးစီးဌာနသည် လိုင်စင်ပယ်ဖျက်ခြင်းခံရသူ ထုတ်လုပ်ဖြန့်ဖြူးထားသည့် အရည်အသွေး မပြည့်မီသော တိုင်းရင်းဆေးဝါးများကို သိမ်းဆည်းနိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားနိုင်သည်။

## အခန်း (၆)

## အယူခံခြင်း

**၂၅။** အာဏာပိုင်အဖွဲ့က တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်း၍ ချမှတ်သည့် အောက်ပါဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူ သည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အာဏာပိုင်အဖွဲ့သို့ အယူခံနိုင်သည်-

(က) မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

**၂၆။** အာဏာပိုင်အဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

**၂၇။** မည်သူမျှအောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ထုတ်လုပ်ခြင်း မပြုရ-

(က)မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ)မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ)စံမညီ တိုင်းရင်းဆေးဝါး၊

(ဃ)သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေးဝါး။

**၂၈။** မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးကို ရောင်းချခြင်း မပြုရ-

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါး၊

(ခ)မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေးဝါး၊

(ဂ)ပျက်စီးတိုင်းရင်းဆေးဝါး၊

(ဃ)သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသောတိုင်းရင်းဆေးဝါး။

**၂၉။** မည်သူမျှ လိုင်စင်မရှိဘဲ တိုင်းရင်းဆေးဝါး ကို ထုတ်လုပ်ခြင်းမပြုရ။

**၃၀။** လိုင်စင်ရရှိသူသည်-

(က)လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ)ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနက ဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာနက ဖြစ်စေ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၈)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

**၃၁။** မည်သူမဆို ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**၃၂။** မည်သူမဆို ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရ လျှင်-

(က) မှတ်ပုံတင်ထားခြင်း မရှိသော တိုင်းရင်းဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေ ဒဏ် ကျပ် ၃၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေ ရမည်၊

(ခ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ)ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

**၃၃။** လိုင်စင်ရရှိသူသည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)

## အထွေထွေ

**၃၄။** <u>၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ</u>တွင် မည်သို့ပင် ပြဋ္ဌာန်း ပါရှိစေကာမူ တိုင်းရင်းဆေးဝါး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**၃၅။** ကျန်းမာရေးဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**၃၆။** ပြည်ပသို့ တင်ပို့ရန် ခွင့်ပြုချက်ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း သည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးကိုသာ တင်ပို့ခွင့်ပြုနိုင်သည်။

**၃၇။** ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်နေသူသည် အာဏာပိုင်အဖွဲ့က သတ်မှတ်ပေးသည့် အချိန်ကာလအတွင်း မှတ်ပုံတင်ခြင်း၊ လိုင်စင်ရယူ ခြင်းတို့ကို ဆောင်ရွက်ရမည်။

**၃၈။** ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင် ခွင့် လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ကြိုတင်ခွင့်ပြုမိန့်ရယူရမည်။

**၃၉။** တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့တင်ပို့သည့် တိုင်းရင်းဆေးဝါးကို သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် အာဏာပိုင်အဖွဲ့က သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ပြုရမည်။

**၄၀။** အာဏာပိုင်အဖွဲ့၏ ရုံးလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ပေးရမည်။

**၄၁။** ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေးဝါး စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေးဝါး စစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်ရမည်။ ထို့ပြင် အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းလျက် သင့်လျော်သည့် ဝန်ထမ်းများကိုလည်းတိုင်းရင်းဆေးဝါး စစ်ဆေးရေးမှူးများ အဖြစ် တာဝန်ပေးအပ်နိုင်သည်။

**၄၂။** ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော တိုင်းရင်းဆေးဝါးနှင့် စပ်လျဉ်းသည့် အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

**၄၃။** ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ အာဏာပိုင်အဖွဲ့ သို့မဟုတ် တိုင်းရင်းဆေးပညာဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့